www.dhammaransi.com

ထံဝဲဦး

# ရွှေနံ့ဓလေ့ဝင်ဘုရားဝတ်ပြုခြင်းဓလေ့

www.dhammaransi.com

ပရိဘောဂ၊ ဥဒ္ဒိဿနှင့်
ဓမ္မစေတီ၊ မွေသရီလျှင်
ကိန်းတည်ပုထိုး၊ ရိုကျိုးဘွယ်ရာ
ပူဇာရဟာ၊ မြတ်ပုညတည့်။

[illegible]

www.dhammaransi.com

# သံတွဲမြို့

# ရွှေနံ့တော်ဘုရား

## သမိုင်းသစ်

[ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၈၆၁၉)အရ ထုတ်ဝေသည်။]

[ ဓမ္မဒါန ]

သာသနာသက္ကရာဇ်
၂၅၁၉

ကောဇာသက္ကရာဇ်
၁၃၃၇ ခု၊ ပြာသိုလ

www.dhammaransi.com

## ပုံနှိပ်ခြင်း

ပထမအကြိမ်။ ။၁၉၇၆ ခု ဇန်နဝါရီလ၊ အုပ်ရေ-၅၀၀၀။

## မျက်နှာဖုံးဒီဇိုင်း

ပန်းချီစံတိုး

## ဘလောက်

ဘသစ်နှင့်သားများ

## အဖုံးရိုက်

ချင်းတွင်းပုံနှိပ်တိုက်

ဦးချစ်အောင်(၀၂၀၇ မြ) လုပ်အားပုံနှိပ်တိုက်၊ ၅၊ လမ်း၁၀၀၊ ကန်တော်လေး၊ ရန်ကုန်က ရိုက်နှိပ်၍၊ ဦးဘသိန်းစံ၊ ကင်းလွတ်ခွင့်အမှတ် (၀၃၃၁၄)၊ ရွှေဘုံသာလမ်း၊ သံတွဲမြို့က ထုတ်ဝေသည်။

www.dhammaransi.com

# မာတိကာ

နိဒါန်း ၇

အခန်း (၁)

ကံရာဇာမင်း ရခိုင်ပြည်သို့ ရောက်လာခြင်း ၉
ဂေါတမမြတ်စွာဘုရား ပွင့်တော်မူခြင်း ၁၀
စန္ဒသူရိယမင်း မြတ်စွာဘုရားအား အာရုံပြုကန်တော့ခြင်း ၁၀
မြတ်စွာဘုရား လောကကိုကြည့်တော်မူခြင်း ၁၀
မြတ်စွာဘုရား ဓညဝတီသို့ ကြွတော်မူခြင်း ၁၁
မြတ်စွာဘုရား ပြုံးတော်မူခြင်း ၁၁
စန္ဒသူရိယမင်း သရဏဂုံတည်ခြင်း ၁၂
မဟာမုနိရုပ်ပွားသွန်းလုပ်ကိုးကွယ်ခြင်း ၁၃
ဒွာရဝတီမြို့သို့ ကြွတော်မူခြင်း ၁၃
စေတီတော်သုံးဆူ ဗျာဒိတ်ကြားတော်မူခြင်း ၁၄
အံတော်စေတီလက်ာ ၁၉
နံတော်စေတီလက်ာ ၂၀
ဆံတော်စေတီလက်ာ ၂၀
ရှင်သောဏနှင့် ရှင်ဥတ္တရာထေရ်တို့ သာသနာပြုကြွလာခြင်း ၂၁
ဒွာရဝတီသို့ ဓာတ်တော်များရောက်ရှိလာခြင်း ၂၁

အခန်း (၂)

ပထမအကြိမ်စေတီတော်များ တည်ထားခြင်း ၂၃
ရှင်သောဏထေရ်တို့ သုဝဏ္ဏဘူမိသို့ ဆက်ကြွခြင်း ၂၄
မေတ္တာယျဘုရားရှင်ဆင်းတုတော်နှင့် ဒွာရဝတီ ၂၄

www.dhammaransi.com

# မာတိကာ

## အခန်း (၃)


စေတီတော်နှစ်ဆူကို ဒုတိယအကြိမ် တည်ထားခြင်း ၂၆
စူဠစန္ဒယားနှင့် နဂါးမင်းသမီးအကြောင်း ၂၇
ရွှေနံ့တော်စေတီနှင့် စူဠစန္ဒယားမင်း ၂၈
ဒုတိယအကြိမ် ရွှေနံ့တော်စေတီကို မွမ်းမံတည်ထားခြင်း ၂၉
မင်းစောမွန်နှင့် နရခူမင်းအကြောင်း ၃၉
လေးမျက်နှာ စေတီတည်ထားခြင်း ၃၀
ဘစောသီရိနှင့် သံတွဲမြို့ ၃၁


## အခန်း (၄)


တတိယအကြိမ် စေတီတော်သုံးဆူကို မွမ်းမံတည်ထားခြင်း ၃၃
ဘုရားလှုရုပ်တုတော်တည်ထားခြင်း ၃၄
စစ်ဘေးစစ်ဒဏ်ခံရသော စေတီတော်နှစ်ဆူ ၃၅


## အခန်း (၅)


စတုတ္ထအကြိမ် ရွှေနံ့တော်စေတီမြတ်ကို မွမ်းမံပြုပြင်ခြင်း ၃၆
ရင်ပြင်တော်ချဲ့ထွင်ခြင်း ၃၉
လျှပ်စစ်မီး ပူဇော်ခြင်း ၄၀
တံတိုင်းတန်ဆောင်းများ ဆောက်လုပ်ခြင်း ၄၁
အံ့ဩဘွယ်ရာ နတ်ကန့်သာ ၄၂
ရွှေသင်္ကန်းကပ်လှူရန် ကြိုးပမ်းခြင်း ၄၅
နှစ်စဉ် ဘုရားပွဲတော် ကျင်းပလျက်ရှိခြင်း ၄၅
မော်တော်ကားလမ်းဖောက်လုပ်ရေး ကြိုးပမ်းခြင်း ၄၅
နိဂုံး ၄၆

www.dhammaransi.com

# နိဒါန်း

ဒွါရာဝတီ တိမ်ဆိပ်ျဝဲ၊ မြို့သံတွဲသည်ကား ရှေးအတိတ်ဝယ် တကျိပ်တပါးသော မင်းအပေါင်းတို့ စိုးစံခဲ့ရာ မင်းနေပြည်ကြီး ဖြစ်သဖြင့် လင်ရှားကျော်စောခဲ့ပါပေသည်။ **နံတော်၊ ဆံတော်၊ အံတော်** တည်းဟူသော မြတ်စေတီသုံးဆူတို့မှာလည်း ဂေါတမ မြတ်စွာဘုရားသခင်၏ သရီရဓာတ်တော်များ ကိန်းဝပ်စံပါယ် လျက် မြို့၏ဝန်းကျင် တောင်ထိပ်စွန်းတို့တွင် မြင်သူတိုင်းပီတိ ဖြာလျက် သဒ္ဓါတိုးပွား အကျိုး များစိမ့်သောငှာ ကြည်ညို ဘွယ်ရာ တင့်တယ်မဆုံး သီတင်းသုံးလျက် ရှိကြပါပေသည်။

သံတွဲမြို့အနောက်ဖက် လေးမိုင်ခန့် ကွာဝေးသော ပင်လယ် ကမ်းခြေတွင် ငပလီရွှေဝါချိုင် ခခန်းသည်လည်း မြို့၏ ကြက် သရေဆောင်အဖြစ် ကြည်နူးသာယာဘွယ် တည်ရှိလေရကား တိုင်းပြည်၏ သားကောင်းရတနာများ ဖြစ်ကြသော ကျောင်း သားလူရည်ချွန်၊ စံပြလုပ်သားတို့ကိုပင် အစိုးရကိုယ်တိုင်ဆုလပ် ပေးခြင်းဖြင့် ငပလီရွှေဝါချိုင်စခန်းသို့ နှစ်စဉ်ပို့ပေးအနားယူ စေပါသည်။

ထိုတွင်မက နိုင်ငံခြားမှအနားယူ ဗဟုသုတရှာဖွေရန်မြန်မာ ပြည်သို့ ရောက်လာကြသော ဧည့်သည်တော် မှန်သမျှလည်း

www.dhammaransi.com

# နိဒါန်း

ပေလီရွှေဝါချိုင်သို့ မရောက်လျှင် ပြည့်စုံသောခရီးစဉ်မဟုတ်ဟု ပင် မှတ်ယူကာ ဥဒဟိုဝင်ရောက် အပန်းဖြေလျက်ပင်။ ပြည် ထောင်စုသား အပေါင်းတို့သည်လည်း ပေလီရွှေဝါချိုင်စခန်း သို့ မရောက်ရှိနိုင်ပါမူ လူဖြစ်ရကျိုးပင် မနပ်သည့်နှယ် အလုပ် အားလပ်သော အချိန်များတွင် ပေလီရွှေဝါချိုင် စခန်းသို့ အရောက်လာကြရန် ကြိုးစားကြရပါသည်။

ထိုသို့ရောက်ရှိလာသူမှန်သမျှသည်လည်း သံတွဲမြို့၏သမိုင်းဝင် စေတီတော်မြတ် သုံးဆူကိုလာရောက် ဖူးမြင်ကြလေရာ စေတီ တော်သို့ ရောက်သူတိုင်း စေတီတော်မြတ်၏ သမိုင်းနှင့်တကွ သံတွဲမြို့၏ သမိုင်းကိုသိလိုသော ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်လာ ကြမည့် ဓမ္မတာအလျောက် ရွှေနံတော်စေတီမြတ်၏ ဂေါပက အဖွဲ့သည် ကောင်းမြတ်သော စေတနာဖြင့် အပင်ပန်းခံကာ ရှာဖွေစုဆောင်လျက် သံတွဲမြို့၏ သမိုင်းစဉ်နှင့်တကွ **ရွှေနံတော် စေတီမြတ်၏ သမိုင်းသစ်**ကို အကျဉ်းချုပ် ရေးသား တင်ပြအပ် ပါသည်။

ဤသို့အပင်ပန်းခံကာ ရှာဖွေစုဆောင်းလျက် အတိုချုပ်ရေး သားအပ်သော ဤသမိုင်းစာအုပ်ငယ်တွင် ချို့ယွင်းချက် တစုံ တရာ တွေ့ရှိလျှင်လည်း ဂေါပကအဖွဲ့၏ စေတနာကို ငဲ့ညှာ ထောက်ထားလျက် ခွင့်လွှတ်တော်မူကြပါရန် ပန်ကြားအပ်ပါ သည်။

**ဂေါပကအဖွဲ့**
ရွှေနံတော်ဘုရားကြီး
သံတွဲမြို့။

www.dhammaransi.com

# ရွှေနံတော်ဘုရား သမိုင်းသစ်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ကံရာဇာမင်း ရခိုင်ပြည်သို့ ရောက်လာခြင်း

ဝါသုဒေဝမင်းမှစ၍ ဗြဟ္မာသိဒ္ဓိမင်းတိုင်အောင် ၂၃ဆက်သော မင်းတို့ လွှန်ပြီးနောက် ရက္ခပုရဓညဝတီမြို့ကို ရှေးဦးစွာ တည်ထောင်ခဲ့သော မာရာယုမင်းမှ ၅၃ဆက်မြောက်ဖြစ်သော မင်းငယ်ပျော့လှ လက်ထက်တွင်နန်းတွင်း အရေးအခင်းများကြောင့် ပျက်စီးခြင်းသို့ ရောက်လေ၏။

ထိုအချိန့်တွင် တကောင်းမြို့မှ သာကီဝင် မင်းဆက်ဖြစ်သော အဘိရာဇာမင်း၏သားတော်ကြီး ကံရာဇာမင်းသည် ရခိုင်ပြည်သို့ ဝင်ရောက်လာပြီးလျှင် ကျောက်ပန်းတောင်းမြို့ကို တည်ထောင်စိုးစံခဲ့လေသည်။ နန်းသက် ၂၄နှစ်ရှိသောအခါ အိပ်မက်တော်အရ ဓညဝတီမြို့ဟောင်းကို ဒုတိယအကြိမ် ထပ်မံတည်ထောင်၍ ၁၃နှစ်တိုင် အုပ်စိုးတော်မူခဲ့ပြန်သည်။

www.dhammaransi.com



## ဂေါတမမြတ်စွာဘုရား ပွင့်တော်မူခြင်း

ဤသို့ဖြင့် သာကီဝင်မင်းဆက်မပျက် အုပ်စိုးလာခဲ့ရာ ၂၉ဆက်မြောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် နန်းတက်တော်မူသော စန္ဒသူရိယမင်း လက်ထက်သို့ ရောက်လတ်သော် မဇ္ဈိမဒေသ၌ **ဂေါတမမြတ်စွာဘုရား** ပွင့်ထွန်းတော်မူလေသည်။

## စန္ဒသူရိယမင်း မြတ်စွာဘုရားအား အာရုံပြုကန်တော့ခြင်း

စန္ဒ သူရိယမင်း သည်လည်း မြတ်စွာဘုရား ပွင့်ထွန်းတော်မူကြောင်းကို ကုန်သည်များထံမှ သတင်းကြားရလျှင်ပင်ထက်သန်သော သဒ္ဓါတရား ဖြစ်လေရကား မြတ်စွာဘုရားကို အလွန်ဖူးမျှော်လိုလှသည်ဖြစ်၍ မှူးမတ်၊ ဆွေမျိုးများနှင့် တိုင်ပင်လေလျှင်ပညာရှိမှူးမတ်တို့၏ လျှောက်ထားသည့်အတိုင်း ပြာသာဒ်ငါးရာ၊ သပိတ်ငါးရာ၊ တံခွန်ငါးရာ၊ သက်န်းစုံငါးရာ၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် မြတ်စွာဘုရားအား အာရုံပြု၍ ခုနစ်ရက်ပတ်လုံး ပူဇော်ကန်တော့ခြင်းကို ပြုတော်မူလေသည်။

## မြတ်စွာဘုရားလောကကို ကြည့်တော်မူခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ တရားဟောတော်မူပြီးသည်၏ အဆုံး၌ လောကကိုကြည့်တော်မူလေလျှင် "ဓညဝတီပြည်ကြီးကို အစိုးရသော စန္ဒသူရိယမင်းသည် ငါဘုရားအား ဖူးမြင်လိုသောစိတ် လွန်စွာ ပြင်းထန်ထံဘိ၏။ ငါဘုရားအား မဖူးမြင်ရပါမူ ခန္ဓာကြွေလျက် သေပွဲဝင်ရအံ့။ ငါဘုရားအား ဖူးမြင်ရပါမူ ငါ၏ကိုယ်စားတော် (ရုပ်ပွားတော်)သွန်းထား ကိုးကွယ်လျက် သာသနာတော်စည်ပင်

www.dhammaransi.com



ပြန့်ပွားအံ့’’သည်ကို မြင်တော်မူလေသော် ဓညဝတီပြည်သို့ဒေသစာရီ ကြွချီတော်မူမည့် အကြောင်းကို ညီတော် အာနန္ဒာအား မိန့်ကြားတော်မူလေသည်။

## မြတ်စွာဘုရား ဓညဝတီသို့ ကြွတော်မူခြင်း

ထိုအကြောင်းကို သိကြားမင်းသိလေလျှင် ဝိသုကြုံနတ်သားကို ခေါ်လျက် မြတ်စွာဘုရား သီတင်းသုံးတော်မူရန် ပြာသာဒ်ငါးရာတို့ကို ဖန်ဆင်းစေလေသည်။ မြတ်စွာဘုရား သည်လည်း ဝိသုကြုံနတ်သား ဖန်ဆင်းအပ်သော ပြာသာဒ်ငါးရာ၌ ရဟန္တာငါးရာတို့ဖြင့် ခြံရံတော်မူလျက် ကောင်းကင်ခရီးဖြင့် ဓညဝတီသို့ ကြွချီတော်မူလာရာ ကစ္ဆပ နဒီမြစ် (ကုလားတန်မြစ်)၏ အရှေ့ဘက် သေလာဂိရိမည်သောကျောက်တော်တောင်ထိပ်သို့ရောက်တော်မူလေလျှင် ရပ်နားတော်မူလျက် အရပ်ဝန်းကျင်ကိုကြည့်ရှုတော်မူ၍ ပြုံးတော်မူလေသည်။

## မြတ်စွာဘုရား ပြုံးတော်မူခြင်း အကြောင်း

အဘယ့်ကြောင့် ပြုံးတော် မူကြောင်းကို အရှင် အာနန္ဒာလျှောက်ထားလေလျှင် “ချစ်သားအာနန္ဒာ၊ ငါသည် ဘဝများစွာ နှစ်ပေါင်းအခါတို့တွင် ဤအရပ်၌ များစွာသော ဘဝတို့ဖြင့် ကျင်လည်ကျက်စားခဲ့ရသောအကြောင်း’’များနှင့်တကွ ဗျာဒိတ်များစွာတို့ကို မြွက်ကြားတော်မူလေသောအဆုံး၌ တသောင်းသော စကြဝဠာတိုက်သည် တော်လည်းလျှင်ပဲ့တင်တုန်ဟည်းကောင်းချီး သြဘာ ပေးသော အားဖြင့် မြတ်စွာဘုရားအားပူဇော်ခြင်းကို ပြုလေသည်။

www.dhammaransi.com



## စန္ဒသူရိယမင်း သရဏဂုံ တည်ခြင်း

ဤသို့သော တိတ်နိမိတ်ထူးတို့ကို စန္ဒသူရိယမင်းကြီး သိမြင်ရလေလျှင် လွန်စွာကြောက်ရွံ့တုန်လှုပ်ခြင်းဖြစ်၍ ပညာရှိအမတ်တို့ကို မေးမြန်းသောအခါ "ဘုန်းတော် ကြီးလှတော် မူသောအရှင်မင်းမြတ်၊ အခြားသောအကြောင်းကို မမြင်ပါ။သုံးလူ့ထွဋ်ထား မြတ်စွာဘုရားသည် ဤဓညဝတီပြည်သို့ ကြွရောက်တော်မူသည် ဖြစ်ပါလိမ့်မည်"ဟု လျှောက်ထားလေလျှင် မင်းကြီးလည်း လွန်စွာနှစ်သက်ဝမ်းမြောက်တော်မူလှသည် ဖြစ်၍ နန်းတော်တွင် နေခြင်းငှာ မစွမ်းနိုင်ရကား ပရိသတ်အပေါင်း ခြံရံလျက် မြတ်စွာဘုရားကြွချီတော်မူလာရာသို့ ရှေ့ရှုသွားလေ၏။

မြတ်စွာဘုရားလည်း မင်းကြီး၏လာခြင်းကို သိတော်မူသည်နှင့် ရောင်ခြည်တော်ခြောက်သွယ်ကို တပြိုင်တည်း လွှတ်တော်မူလေ၏။ မင်းကြီးလည်း မြတ်စွာဘုရားအထံတော်သို့ ရောက်လေလျှင် တရားတော်ကို ကြားနာရသည်၏ အဆုံး၌ သရဏဂုံ တည်လေ၏။

စန္ဒသူရိယမင်းကြီးသည်လည်း မြတ်စွာဘုရားကို ကြည်ညိုခြင်းအားကြီးလှသည်ဖြစ်၍ "အရှင်ဘုရား၊တပည့်တော်နှင့်တကွသော ဓညဝတီပြည်သားအပေါင်းတို့အားသနားစောင့်ရှောက်ချီးမြှောက်တော် မူသည်ဖြစ်၍ နေပြည်တော်သို့ ကြွရောက်သီတင်းသုံးတော်မူပါမည့် အကြောင်း" ကို လျှောက်ထားလေလျှင် ရဟန္တာထေရ်ရှင် ငါးရာနှင့်တကွ ဝိသုကြုံ ဖန်ဆင်းအပ်သော ပြာသာဒ် ငါးရာဖြင့် စန္ဒသူရိယမင်း၏နန်းတော်သို့ ကြွချီတော် မူလေ၏။

www.dhammaransi.com

## သမိုင်းသစ်

### မဟာမုနိရုပ်ပွားသွန်းလုပ် ကိုးကွယ်ခြင်း

နန်းတော်သို့ ရောက်တော်မူလေလျှင် မင်းနှင့်တကွ ဓညဝတီ ပြည်သား အပေါင်းတို့အား ခုနစ်ရက်ပတ်လုံး တရားရေအေး တိုက်ကျွေးဆုံးမတော်မူပြီးနောက် မဇ္ဈိမဒေသသို့ ပြန်ကြွတော်မူမည့် အခြင်းအရာကို ပြတော်မူလေလျှင် မင်းကြီးသည်စိတ်နှလုံး မသာယာသည်ဖြစ်၍ "အရှင်ဘုရား၊ ဒေသစာရီ ကြွချီတော်မူသောအခါ၌ အရှင်ဘုရား၏ ကိုယ်စား ရုပ်ပွားတော်တဆူကို ဓညဝတီ ပြည်သားများအား သွန်းလုပ်ကိုးကွယ်ခွင့် ပြုပါမည့် အကြောင်း"ကို တောင်းပန် လျှောက်ထားလေလျှင် "နောင်သောအခါတွင် ပသေနဒီ ကောသလမင်းကြီး တည်ထား ကိုးကွယ်သော စန္ဒရမုနိ ရုပ်ပွားတော်ကို သိကြားမင်း ကွယ်ထားအံ့"သည်ကို မြင်တော်မူ၍ ဤဓညဝတီပြည်၌ ငါ၏ ကိုယ်စား ရုပ်ပွားတော်တဆူ တည်ထား ကိုးကွယ်ကြလျှင် သာသနာ ငါးထောင်ပတ်လုံး တည်တံ့မည့်အကြောင်းကို မြင်တော်မူသည် ဖြစ်ရကား မဟာမြတ်မုနိ ရုပ်ပွားတော်ကို သွန်းလုပ်ကိုးကွယ် စေရန် ခွင့်ပြုတော်မူ၏။

### ဒွါရဝတီမြို့သို့ ကြွတော်မူခြင်း

မင်းကြီးလည်း ရတနာ ခုနစ်ပါးတို့ဖြင့် မဟာမြတ်မုနိ ရုပ်ပွားတော်ကို သွန်းလုပ်တော်မူရာ ဘုရားရှင်ကိုယ်ငွေ့တော် ခုနစ်အုပ်ဖြင့် ထည့်သွင်းတော်မူအပ်သော မဟာမြတ်မုနိ ရုပ်ပွားတော်သည် သက္ကရာဇ် ၁၂၃ ခု ကဆုန်လပြည့်နေ့တွင် ပြီးစီးခြင်းသို့ ရောက်တော်မူလေလျှင် "ဤပြည်သည် တကြိမ်တခါမျှပင် ဝတ်မွတ်ခေါင်းပါးခြင်း မရှိခဲ့ဘူးသောကြောင့် ဓညဝတီဟု ထင်ရှား

www.dhammaransi.com



ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း”ကို မိန့်တော်မူပြီးသော် ဝိသုကြုံ ဖန်ဆင်းအပ်သော ပြာသာဒ် ငါးရာထက်တွင် ရဟန္တာထေရ် အရှင်တို့ဖြင့် ခြံရံလျက် ဒွါရာဝတီ (သံတွဲ)မြို့သို့ ကောင်းကင် ခရီးဖြင့် ကြွချီတော်မူလေ၏။


## စေတီတော်သုံးဆူ ဗျာဒိတ်ကြားတော်မူခြင်း

ဒွါရာဝတီမြို့၏ အရှေ့ဘက် နှစ်ဂါဝုတ်ခန့်အကွာ တခုသော တောင်ထိပ်သို့ ရောက်တော်မူလေသော် တန့်ရပ်တော်မူလေ၏။ မြတ်စွာဘုရားတန့်ရပ်တော်မူသော ထိုတောင်သည် တန့်တော်မူ တောင် (ကာလကြာသဖြင့် ဒန့်ဒေးတောင်)ဟု ခေါ်ဝေါ်ထင် ရှားလေသည်။ မြတ်စွာဘုရားလည်း ထိုတောင်ထိပ်မှ အနောက် အရပ်သို့ ကြည့်တော်မူပြီးလျှင် ပြုံးတော်မူသည်ကို အရှင် အာနန္ဒာမြင်၍ လျှောက်ထားလေလျှင်--

“ချစ်သားအာနန္ဒာ၊ ငါသည်နှစဉ်ကာလက ဤဒွါရာဝတီ မြို့၌ လူမင်းလည်း ဘဝများစွာ ဖြစ်ခဲ့ဘူးသည်။ အခြားသော သတ္တဝါများ အဖြစ်လည်း များစွာဖြစ်ခဲ့ဘူးသည်။ ဤအရပ်မှ အနောက်မြောက် နှစ်ဂါဝုတ်အကွာတွင်ရှိသော ဝါသုရတောင် (**အံတော်တောင်**)၌ မြွေငန်းမင်း ဖြစ်ခဲ့ဘူးသောကြောင့် ငါ ဘုရား ပရိနိဗ္ဗာန် ဝင်စံတော် မူပြီးသောအခါ၌ ငါဘုရား၏ အံတော်ဓာတ်မြတ်ကို ဌာပနာလျက် အံတော်စေတီမြတ်ကိုတည် ထားကိုးကွယ် ကြလိမ့်မည်”

“ထိုဝါသုရတောင်မှ အနောက်မြောက်ဖက်၌ နှစ်ဂါဝုတ်ခန့် အကွာ ရောဟကူဋ္ဌတောင် (**နံတော်တောင်**)၌ ခါမင်းဖြစ်ခဲ့ဘူး

www.dhammaransi.com



ဒန့်ဒေးတောင်ခေါ် (တန့်တော်မူ) တောင်ကုန်းပုံ

www.dhammaransi.com



ဒန့်ဒေးတောင်ကုန်းပေါ်ရှိ တန့်တော်မူစေတီခေါ်
ဒန့်ဒေးစေတီတော်ပုံ။

www.dhammaransi.com



သောကြောင့် ငါဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသောအခါ၌ ငါဘုရား၏ နံရိုးတော်ဓာတ်မြတ်ကို ဌာပနာလျက် နံတော်စေတီမြတ်ကို တည်ထားကိုးကွယ်ကြလိမ့်မည်”

“ရေဟာကူဠတောင်မှ အရှေ့တောင်ထောင့် နှစ်ဂါဝုတ်ခန့် အကွာ မဏိကေသတောင် (**ဆံတော်တောင်**)၌ စာမရိငှက်မင်း ဖြစ်ခဲ့ဘူးသောကြောင့် ငါဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသော အခါ၌ ငါဘုရား၏ဆံတော်ဓာတ်မြတ်ကို ဌာပနာလျက်ဆံတော် စေတီမြတ်ကို တည်ထား ကိုးကွယ်ကြလိမ့်မည်”

ဟု ဗျာဒိတ် ကြားတော်မူပြီးသော် သရေခေတ္တရာသို့ ကောင်းကင်ခရီးဖြင့် ကြွချီတော်မူလေ၏။

အထက်ပါအကြောင်းရင်းများကို ရည်မှတ်၍ ဆံတော်စေတီ သမိုင်းတွင် စေတီယော်မြတ်သုံးဆူကိုအောက်ပါအတိုင်း လင်္ကာ စီကုံးရေးသားခဲ့လေသည်။

## ဆံတော်စေတီ လင်္ကာ

ဒွါရာဝတီ၊ တိမ်ဆီပျံ့ခဲ၊ မြို့သံတွဲသို့၊မလွဲထုတ်လျောက်၊
ကြွရောက်ဟိုထ၊ ဗာသုတဟု၊ နာမတွင်ချေ၊ ထိုတောင်
ခြေ၌၊ ဗုဒ္ဓေမြတ်ဖျား၊ တန့်ရပ်နား၍၊ ညီဘွားမှန်စွာ၊
အာနန္ဒာကို၊ မိန့်မှာစကား၊ ဤသို့ကြား၏။ရှေးဖျားလွန်
လေ၊ ငါဗုဒ္ဓေသည်၊ မသေ့စင်စစ်၊ ငန်းမင်းဖြစ်ခါ၊
တောင်ပေါ်မှာလျှင်၊သာယာပျံ့ပျူး၊နေခဲ့ဘူး၏၊အထူး
မှန်လှ၊ ငါဗုဒ္ဓသည်၊ မုချကေန်၊ ပြည်နိဗ္ဗာန်ကို၊ ဝင်စံ
သောခါ၊ ဤသေလာဝယ်၊ ကြွင်းရာအမြတ်၊ ဆံတော်

www.dhammaransi.com

ခေတ်ကို၊မချွတ်ပေမည်၊ စေတီတည်၍၊ ယုံကြည်ပြုလတ်၊ မှန်မချွတ်တည်း။

## နံတော်စေတီ လင်္ကာ

တရံတဖန်၊ ဖြစ်တုံပြန်ခါ၊ လွန်စွာသာလှ၊ ရောဟ ကူဋ၊နာမတွင်မှန်း၊ ထိုတောင်တန်းဝယ်၊ ရိပ်ချမ်းစိုလှစ်၊ ခါမင်းဖြစ်၍၊ ပျော်ဖြစ်အထူး၊ ငါနေဘူး၏။ လွန်ကြူး မြတ်မှန်၊ ပြည်နိဗ္ဗာန်ကို၊ အမှန်မသွေ၊ ခိုရောက်လေ သော်၊ ငါ့နံတော်ကို၊ ထင်ပေါ်အောင်မည်၊ စေတီ တည်၍၊ ယုံကြည်ပြုလတ်၊ မှန်မချွတ်တည်း။

## ဆံတော်စေတီ လင်္ကာ

တရပ်တပါး၊ ဖြစ်တုံငြားလည်း၊ တောင်ကြားမဏိ ကေသီ၊ ခေါ်ပဗ္ဗတ၊ ထိုသေလဉ္ဇ၊မည်ရတရပ်၊ သားမြတ် စာမရီ၊ မျိုးသိင်္ဂီသည်၊ တလီတဖန်၊ ဖြစ်ခဲ့ဟန်ကြောင့်၊ အမှန်မုချ၊ ငါဗုဒ္ဓကား၊ ပြုထစခန်း၊ နိဗ္ဗာန်လှမ်းသည်၊ ခြောက်ပန်းခေတ်တော်၊ ငါ့ဆံတော်ကို၊ ပူဇော်ရှိသေ၊ ထိုတောင်မြေ့ဝယ်၊ ရွှေစေတီကြီး၊ တည်လတ်ပြီးသော်၊ ရောင်ညီးထိန်ဝါ၊ သာသနာတည်း။

www.dhammaransi.com



## ရှင်သောဏထေရ်နှင့် ရှင်ဥတ္တရထေရ်တို့ သာသနာပြုကြွလာခြင်း

မြတ်စွာဘုရားသခင်သည် လူနတ်ဗြဟ္မာသတ္တဝါတို့အား ၄၅ **ဝါ** ပတ်လုံး တရားရေအေး တိုက်ကျွေးဆုံးမတော်မူပြီး၍ **မဟာ** သက္ကရာဇ် ၁၀၄ ခု **ကဆုန်လပြည့်** အင်္ဂါနေ့တွင် ပရိနိဗ္ဗာန် စံဝင်တော်မူ၏။

ထို့နောက် သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် ပါဋလိပုတ် ပြည်၌ အရှင် မဟာမောဂ္ဂလိပုတ္တတိဿမည်သော ရဟန္တာထေရ် မြတ် ကြီးမှူးလျက် သံဃာတော်ပေါင်းတထောင်တို့နှင့် တတိယ သင်္ဂါယနာကို ကိုးလကြာ တင်တော်မူပြီးသောအချိန်တွင် အရှင် မဟာမောဂ္ဂလိပုတ္တတိဿထေရ်၏ တပည့် ဖြစ်တော်မူကြသော သောဏထေရ်နှင့်ဥတ္တရထေရ်မည်သော ရဟန္တာအရှင်မြတ်နှစ်ပါး အမှူးပြုသော သံဃာတော်ငါးပါးတို့သည် သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် သုဝဏ္ဏဘူမိ (သထုံပြည်)သို့ သာသနာပြု ကြွချီ တော်မူလာကြကုန်၏။

## ဒွာရာဝတီသို့ ဓာတ်တော်များ ရောက်ရှိလာခြင်း

ယင်းသို့ ကြွချီတော် မူလာရာ ထိုအချိန် ဓညဝတီ ပြည်တွင် စန္ဒသူရိယမင်းမှ ရှစ်ဆယ်မြောက် ဖြစ်သော သူရိယမဏ္ဍမင်း လက်ထက်ဖြစ်၍ လမ်းခရီး၌ ဒွာရာဝတီ(သံတွဲ)မြို့သို့ ဝင်ရောက် တော် မူပြီးလျှင် ဒွာရာဝတီမြို့စား ဓမ္မသူရအမတ်ကြီးအား **ဆံတော်၊အံတော်၊နံတော် ဓာတ်တော်** များကို ပေးသနားတော် မူကြလေသည်။

www.dhammaransi.com



ဤဓာတ်တော်များကို အဘယ်သို့ ပြုရမည့် အကြောင်းကို လျှောက်ထားလေလျှင် မြတ်စွာဘုရား ဗျာဒိတ်တော်ထားတော်မူသည့် အတိုင်း ဝါသုရတောင်တွင် အံတော်ဓာတ်ကိုရင်း၊ ရောဟကူဋတောင်တွင် နံတော်ဓာတ်ကိုရင်း၊ မဏိကေသတောင်တွင် ဆံတော်ဓာတ်ကိုရင်း ဌာပနာ၍ စေတီသုံးဆူ တည်ထား ကိုးကွယ်ရန် မိန့်တော်မူကြလေသည်။

www.dhammaransi.com

# အခန်း ၂

## ပထမအကြိမ် စေတီတော်များ တည်ထားခြင်း

အမတ်ကြီး ဓမ္မသူရသည် ဓညဝတီဘုရင် အာသောကမင်းကြီးအား အလုံးစုံကို လျှောက်လေသော် မင်းကြီးကိုယ်တိုင် ဒွာရာဝတီမြို့သို့ကြွရောက်တော်မူပြီးလျှင်ရဟန္တာအရှင်မြတ်တို့မိန့်တော်မူကြသည့်အတိုင်း ဓမ္မသူရအမတ်ကြီးနှင့် တိုင်ပင်လျက် ဓာတ်တော်များကို ပထမဦးစွာ စန္ဒကူးကြုတ်၌ ထည့်တော်မူ၏။

ထိုစန္ဒကူးကြုတ်ကို ဖလ်ကြုတ်၊ စန္ဒကူးနီကြုတ်၊ ရွှေကြုတ်၊ ငွေကြုတ်၊ ဆင်စွယ်ကြုတ်၊ ကြေးနီကြုတ်တို့တွင် အဆင့်ဆင့်ထည့်ပြီး တဖန် ကျောက်ပန်းတောင်းတွင် ထည့်၍ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက် ရွှေတန်းဆောင်တိုင် ငွေတန်းဆောင်တိုင်တို့ဖြင့် ပူဇော်လေ၏။

ထို့နောက် အပေါ်က ကုလားကျောင်းဖွဲ့ကာ ဓာတ်တော်များကို ဌာပနာလျက် မင်းပရိသတ် လူပရိသတ်အပေါင်းတို့ဖြင့် ဝါသုရတောင်တွင် အံတော်ဓာတ်ကိုရင်း၊ ရောဟကူဋတောင်တွင် နံတော်ဓာတ်ကိုရင်း၊ မဏိကေသတောင်တွင် ဆံတော်ဓာတ်ကိုရင်း

www.dhammaransi.com



စေတီတည်လျက် ကြီးစွာသော ခုတ်တော်ပူဇော်ပွဲ ကျင်းပတော်မူလေသည်။

## ရှင်သောဏထေရ်တို့ သုဝဏ္ဏဘူမိသို့ ဆက်ကြွခြင်း

ဤစေတီတော်မြတ်သုံးဆူကို တပြိုင်နက် တည်ထားတော်မူရာ သာသနာသက္ကရာဇ် ၂၃၆ ခု တန်ဆောင်မုန်းလပြည့် ကြတ္တိကာ နက္ခတ်နှင့်ယှဉ်လျက် တပြိုင်နက် ပြီးမြောက်လေသည်။

စေတီတော်များ၏ ဉာဏ်တော်အမြင့်မှာ နွားတမော့ခန့် (၅ ပေခန့်)ရှိသောဟူ၏။ ရဟန္တာအရှင်မြတ်များ သည်လည်း စေတီတော် သုံးဆူကို တည်ထားပြီးလေလျှင် သုဝဏ္ဏဘူမိသို့ ကောင်းကင်ခရီးဖြင့် ကြွချီတော်မူကြလေ၏။

## မေတ္တေယျဘုရားရှင် ဆင်းတုတော်နှင့် ဒွာရာဝတီ

ဒေါ်ဒေါ်ရသကိန်းကို ဖွဲ့ပြီးနောက် သက္ကရာဇ် ၅ ခုနှစ် သရေခေတ္တရာမြို့တွင် သုပညာနာဂရဆိန္နမင်းနန်းတက်လေ၏။ ထိုမင်းသည် ဒွာရာဝတီမြို့ကို တိုက်ခိုက်အောင်မြင်လေရာ မဇ္ဈိမပုရိသ အတောင်ရှစ်ဆယ့်ရှစ်တောင်ရှိ ရွှေပိဿာ ဆယ်–ရာ–ကုဋေမက သော မေတ္တယျဘုရားရှင်၏ ရွှေဆင်းတုတော်ကို ဖူးမြင်ရသဖြင့် လွန်စွာ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်လေသောကြောင့် သုံးနှစ်တိုင်တိုင် ဒွာရာဝတီမှ မပြန်နိုင်ဘဲ ဖြစ်လေ၏။

အမတ်တို့က မိမိတို့၏ သရေခေတ္တရာသို့ ပြန်ရန် အကြောင်းကို လျှောက်ထားကြသောအခါ ဤရွှေဆင်းတုတော်ကို ရတနာ

www.dhammaransi.com



ဖောင်ဖြင့် ပင့်ဆောင်၍ ပြန်မည့်အကြောင်းကို မိန့်တော်မူလေ၏။

မှူးမတ်တို့ကလည်း "မင်းကြီးသည် မဖြစ်နိုင်သောအကြံကို ကြံစည်တော်မူဘိ၏" ဟု အချင်းချင်း တိုင်ပင်ကြပြီးလျှင် ရွှေဆင်းတုတော်၏အောက်၌ ဥမင်လိုဏ်ခေါင်း တူးကြခြင်းကြောင့် ဆင်းတုတော် လဲကျသွားလေ၏။ ထိုအကြောင်းကို မင်းကြီးသိ၍ မေးတော်မူသောအခါ "အရှင်မင်းမြတ်၊ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပါပြီ" ဟု လျှောက်ထားပြီးလျှင် ဆင်းတုတော်ကို မီးတိုက်ဖျက်ဆီးကြလေ၏။

မင်းကြီး အမျက်မထွက်စိမ့်သောငှာ ဘုရားရွှေဖြင့် နှစ်ကျပ်ရှစ်ဆူသော ရုပ်ထုတော်တို့ကို သွန်းလုပ် ဆက်သကြကုန်၏။ မင်းကြီးသုံးဆောင်ရန် သန်လျက်ကိုလည်းပြုလုပ်၏။ ကြွင်းကျန်သော ဘုရားရွှေများကို မှူးမတ်ဗိုလ်ပါအပေါင်းတို့ သုံးစွဲယူငင်ကြ၏။ ထို့ကြောင့် သရေခေတ္တရာပြည်သည် ရောဂါအန္တရာယ် ဖြစ်ပွားလျက် သေကြေပျက်စီးခြင်းသို့ ရောက်ရလေ၏။

ဤသည်ကို ရည်ရွယ်၍ မုံရွေးဆရာတော်ကြီးသည် ရာဇဝါဒကျမ်းတွင်—

"မေတ္တေယျရုပ်တု၊ ရွှေဆင်းတုပြောင်ပြောင်၊ အတောင်ရှစ်ဆယ်၊ ကြီးကျယ်နှင့်နှင့်၊ လွှားလွှားမြင့်ကို၊ ဖိုကျင့်ထိုး၍၊ ရသေ့မှိုအလုံး၊ ယူကြသုံးသဖြင့်၊ ဆုံးဘူးသည့်တဝ"

ဟု ရေးသားတော်မူခဲ့လေသည်။

www.dhammaransi.com

# အခန်း ၃

## စေတီတော်နှစ်ဆူကို ဒုတိယအကြိမ်တည်ထားခြင်း

ထိုသို့လျှင် ဒွာရာဝတီမြို့၌ မြတ်စွာဘုရား၏ ဓာတ်တော်များကို ဌာပနာလျက် ရဟန္တာအရှင်မြတ်တို့၏ အစီအမံဖြင့် စေတီတော်မြတ် သုံးဆူကို တည်ထား ကိုးကွယ်လာခဲ့ရာ ဒွာရာဝတီမြို့၌ မင်းစက်ချုပ် နန်းတက်တော်မူပြီး သက္ကရာဇ် ၁၄၁ ခုနှစ်တွင် ဒွာရာဝတီမြို့ကို တလိုင်းလူမျိုးတို့ ဝင်ရောက်တိုက်ခိုက်ကြလေ၏။ မင်းစက်ချုပ်လည်း တလိုင်းတို့၏ရန်ကို ခုခံတွန်းလှန် အောင်ပွဲခံပြီးနောက် ဝါသုရတောင်ပေါ်တွင် တည်ထားသော "အံ့တော်စေတီမြတ်"ကို ငုံလျက် စေတီတော်မြတ် တည်ထားခဲ့လေသည်။

နောက် နှစ်နှစ်ကြာသောအခါ သံတွဲမြို့စား မင်းညိုခင်တက်လာပြန်ရာ သမုဒ္ဒိမင်း ဖြိုကြွင်းသက္ကရာဇ် ၁၄၇ ခုနှစ်တွင် မဏိကေသတောင်တွင် တည်ထားသော "ဆံတော်စေတီမြတ်" ကို ငုံလျက် ထပ်မံ၍ စေတီတော်တည်ထားကိုးကွယ်ပြန်လေသည်။

www.dhammaransi.com



## စူဠစန္ဒယားမင်းနှင့် နဂါးမင်းသမီးအကြောင်း

သက္ကရာဇ် ၃၁၃ ခုနှစ်တွင် စူဠစန္ဒယားမင်းသည် သင်းထွေး ပြည့်ရှင် ဘုရင်မင်းမြတ်၏ ဖိတ်ကြားချက်ဖြင့် သင်းထွေးပြည်သို့ သွားရောက်ရန် စစ်အင်္ဂါလေးပါးကို ပြင်ဆင်ပြီးမှ အမတ်ပညာ ကျော်တို့အား တိုင်ပင်တော်မူလေ၏။ ထိုအခါ ဥတ္တမဓော ဝသီ တေဇ ဟူသော ဟူးရားဖြူ ဟူးရားညို မဟာပညာကျော်တို့က သင်းထွေးပြည်သို့ ကြွချီတော်မူလျှင် ပြန်ကိန်း မရှိကြောင်း လျှောက်ထားကြသော်လည်းစစ်အင်္ဂါလေးပါးကို စီရင်ပြီးဖြစ်၍ ဟူးရားဖြူ ဟူးရားညို မဟာပညာကျော်တို့၏ စကားကို နား မထောင်ပဲ ဖောင်တော်ဖြင့် သင်းထွေးပြည်သို့ ကြွချီတော်မူလေ သည်။

အပြန်ခရီးတွင် သံတွဲမြို့အနောက်ဖက် ပင်လယ်ပြင်၌ အမှတ် မထင် ကွမ်းတံတွေးကို ထွေးချလေ၏။ ထိုတံတွေးကို နဂါး မင်းသမီး မြင်လေလျှင် "တံတွေးကာ ဤမျှလှတုံဘိ၏။ တံတွေး ရှင်ကား အဘယ်မျှ လှလိမ့်မည်နည်း" ဟု ကြည့်ရှုလတ်သော် စူဠစန္ဒယားမင်းကို မြင်လျှင်ပင် စွဲလမ်းတပ်မက်သောစိတ် ပြင်းပြ လှသည်ဖြစ်၍ ဖခင်နဂါးမင်းကြီးထံ ပူဆာလေ၏။

နဂါးမင်းလည်း ရှောင်လွှဲခြင်းငှာ မတတ်နိုင်သည် ဖြစ်၍ သမီးတော်၏ အလိုအတိုင်း မင်းကြီး၏ ဖောင်နောက်သို့ လိုက်ခဲ့ လေ၏။ ထိုအခိုက်တွင် ပင်လယ်ပြင်မှ သာယာသော တူရိယာ သံတို့ကို မင်းကြီးကြားလေလျှင် မှူးတော်မတ်တော်တို့အား မေးတော်မူလေ၏။ မှူးတော်မတ်တော်တို့သည်လည်း နဂါးမင်း

www.dhammaransi.com



လိုက်လာခြင်းခြင်းကို သိကြကုန်ခြင်းကြောင့် "အရှင်မင်းကြီး၊ ဤနေရာကား မြို့ပြတည်ရာမဟုတ်ပါ။ သမုဒ္ဒရာပင်လယ်ပြင်သာ ဖြစ်ပါသည့်အကြောင်း" ကို သံတော်ဦးတင်ကြလေ၏။

ထိုခဏတွင်ပင် နဂါးမင်းသည် မိမိတန်ခိုးဖြင့် မင်းကြီး၏ ဖောင်တော်ကို မီးစွဲလောင်စေလေ၏။ မှူးတော်မတ်တော်တို့က "အရှင်မင်းကြီး၊ ရှေ့သို့သာကြည့်တော်မူပါ။ နောက်သို့ ပြန်၍ ကြည့်တော်မမူပါနှင့်" ဟုသံတော်ဦးတင်ကြသော်လည်း မောင်းမ ငယ်များ၏ ပြင်းစွာသော ငိုကြွေးသံတို့ကို ကြားရခြင်းကြောင့် နောက်သို့ လှည့်ကြည့်မိလေရာ ဖောင်တော်လည်း တခဏချင်း တွင် နစ်မြုပ်သွားလေ၏။

မင်းကြီး၏ဆင်ဖြူတော်၊ ရွှေဘဲငန်း၊ ဆတ်မတို့သည်ကမ်းပေါ် ၌ တင်လျက် ကျောက်ရုပ်ကြွင်းများ ဖြစ်လေသောဟူ၏။ ယခု အခါ ဆင်ဖြူတော် ကျောက်ရုပ်ကြွင်းဖြစ်၍နေသော အရပ်တွင် တည်ထားသောရွာကို ဆင်တင်ရွာ (ဆင်ဒင်ရွာ) ဟူ၍၎င်း၊ ရွှေဘဲငန်း ကျောက်ရုပ်ကြွင်းဖြစ်၍နေသောအရပ်တွင် တည်ထား သောရွာကို အဘဲရွာ ဟူ၍၎င်း၊ ဆတ်မကျောက်ရုပ်ကြွင်း ဖြစ်၍ နေသောအရပ်တွင် တည်ထားသောရွာကို ဆတ်လည်မျှော်ရွာ ဟူ၍၎င်း သံတွဲမြို့အနီး ပင်လယ်ကမ်းခြေတွင် ထင်ရှားစွာ တွေ့ မြင်နိုင်ပေသည်။

မင်းကြီးလည်း အခြားသော စစ်သည်ဗိုလ်ပါတို့၏ ဖောင် သည် မည်သို့မျှ မဖြစ်မူ၍ မိမိ၏ ဖောင်တော်သည်သာလျှင် ထူးဆန်းစွာ နစ်မြုပ်လာသည်ကို သိမြင်လေလျှင် "ဟူးရားဖြူ ဟူးရားညိုတို့၏ ဟောကိန်းသည် တကယ်ပင် မှန်လှပါပေ၏။

www.dhammaransi.com



ငါကား သမုဒ္ဒရာအတွင်း၌ သေရပေတော့အံ့”ဟု စဉ်းစား ဆင်ခြင်တော်မူ၏။

## ရွှေနံ့တော်စေတီမြတ်နှင့် စူဠစန္ဒယားမင်း

ထို့နောက် စူဠစန္ဒယားမင်းကြီးသည် အရှေ့ဘက်သို့ လှမ်းမျှော် ကြည့်လိုက်သည်တွင် သံတွဲမြို့၏ အနောက်ဘက်သို့ စဉ်းငယ်ယွန်း သော မြောက်မျက်နှာအရပ်တွင် ရောဟကူဋ‌တောင်ထိပ်တော်၌ ကြက်သရေရှိစွာ သီတင်းသုံးလျက်ရှိသော “နံ့တော်စေတီမြတ်” ကို ဖူးမြင်ရသောသောအခါ ကြည်ညိုသဒ္ဓါ လွန်စွာ ပွားများ သည်ဖြစ်၍ “ငါ၏ရတနာတို့ဖြင့် ထိုစေတီတော်မြတ်ကို မွမ်းမံ ပြင်ဆင်လေ”ဟု မိန့်တော်မူ၏။

မိမိကိုယ်တွင် ဆင်မြန်းထားသော ရတနာတို့ကို ကိုယ်တော် တိုင် ချွတ်တော်မူလျက် အမတ်ကြီး ဓမ္မဇေယျအား ပေးတော်မူ ပြီးလျှင် နဂါးမင်း ဆောင်ယူရာသို့ လိုက်ပါတော်မူ ရလေ၏။ (နဂါးမင်းနှစ်၍ ဖောင်နစ်မြုပ်သောနေရာကို ယခုအခါ နဂါး နှစ်—နဂါးရစ် ဟု ခေါ်ဝေါ်ကြလေ၏။)

## ရွှေနံ့တော်စေတီကို ဒုတိယအကြိမ် မွမ်းမံတည်ထားခြင်း

အမတ်ကြီး ဓမ္မဇေယျလည်း မသေမပျောက် ကမ်းပေါ်သို့ ရောက် လတ်သော် မင်းကြီး မိန့်တော်မူခဲ့သည့်အတိုင်း ရတနာမျိုးစုံတို့ ဖြင့် နံ့တော်စေတီမြတ်ကို မွမ်းမံတည်ထားလေ၏။

www.dhammaransi.com



## မင်းစောမွန်နှင့် နရဓူမင်းတို့အကြောင်း

မဟာသက္ကရာဇ် ၇၇၅ ခုနှစ်တွင် လောင်းကြက်မြို့၌ မင်းစောမွန် နန်းစံချိန်တွင် သံတွဲမြို့၌ နရဓူမင်း စိုးစံလျက် ရှိလေသည်။ မင်းစောမွန်သည် သံတွဲမြို့ကို တိုက်ခိုက်သိမ်းပိုက်ရန် ကြံစည်နေကြောင်းကို ပညာရှိအမတ်ကြီးစိမလ သိရှိလေသော် နရဓူမင်းအား လျှောက်ထားလေ၏။ ထိုအခါ နရဓူမင်းလည်း အမတ်ကြီး၏ စကားကို မယုံကြည်သောကြောင့် အမတ်ကြီးအား မာန်အောင်ကျွန်းသို့ ခေတ္တစေလွှတ်ထားခဲ့လေသည်။ မင်းစောမွန်၏ ယုတ်မာဆိုးသွမ်းပုံကို တိုင်းသူပြည်သားများ ကနရဓူမင်းအား ထပ်မံလျှောက်ထားကြပြန်သော်လည်း သည်းခံအပ်သောအကြောင်းကိုသာ မိန့်ကြားတော်မူလျက် လျစ်လျူ ရှုကာ နေတော်မူလေ၏။

ထိုစဉ် အင်းဝမင်းခေါင်က ရခိုင်ပြည်ကို တိုက်ခိုက် သိမ်းယူရန် သားတော် မင်းရဲကျော်စွာအား စေလွှတ်သည်ကိုနရဓူမင်း သိလေလျှင် တောင်ခွင်စား ရန်မသူကိုမင်းစောမွန်ထံသို့သတင်းပို့ရန် စေလွှတ်လိုက်လေ၏။ မင်းစောမွန်လည်း ထိုသတင်းကို မယုံကြည်သောကြောင့် ရန်မသူကို ဒဏ်ခတ်၍ အကျဉ်းထားလေ၏။ မကြာမီပင် မင်းရဲကျော်စွာ၏ တိုက်ခိုက်မှုကြောင့် မင်းစောမွန်လည်း နန်းမှဆင်းပြေးရလေ၏။

ထိုအချိန်တွင် အင်းဝဘုရင်က မြို့စားခန့်ထားသော သမက်တော် နော်ရထာနှင့် သမီးတော်ရွှေပြည်ချမ်းသာတို့သည်တိုင်းသူပြည်သားတို့အား အထူးညှဉ်းပန်းနှိပ်စက်လျက် အုပ်စိုးကြသည့် အကြောင်းကို နရဓူမင်းသိရှိလေသောအခါ အေးဆေးစွာမနေ

www.dhammaransi.com



နိုင်တော့ဘဲ တလိုင်းဘုရင် ရာဇာဓိရာဇ်နှင့် မဟာမိတ် ဖွဲ့ရလေတော့၏။

## လေးမျက်နှာစေတီ တည်ထားခြင်း

တလိုင်းဘုရင် ရာဇာဓိရာဇ်လည်း သံတွဲမြို့သို့ ကိုယ်တော်တိုင်ကြွရောက်ပြီးလျှင် မြို့ရွာအေးချမ်းသာယာမှုကို အကြောင်းပြု၍ ရှေးအဘို့တွင် မဟာမိတ်ခိုင်မြဲစေရန် မြတ်စွာဘုရား၏ ဓာတ်တော်များကို ဌာပနာလျက် မိတ်ဖွဲ့စေတီတော်တဆူကို တလိုင်းပန်းရံ ပန်းပုတို့ဖြင့် တလိုင်းပုံစံ သံတွဲမြို့၏ အရှေ့တောင်စွန်းကုန်းမြင့်ပေါ်တွင် တည်ထားခဲ့လေသည်။

ထိုတောင်ကုန်းကို "လေးမျက်နှာကုန်း" ဟူ၍၎င်း၊ ထိုစေတီကို "လေးမျက်နှာစေတီ" ဟူ၍၎င်း ယခုတိုင် ထင်ရှားစွာဖူးတွေ့နိုင်ပါသည်။

## ဘစောသီရိနှင့် သံတွဲမြို့

ဤသို့လျှင် ရခိုင်ပြည်တွင် မင်းစဉ် မင်းဆက် စိုးစံ လာခဲ့ရာ မြောက်ဦးမြို့ကိုအစိုးရသော ကလသျှာမင်းသည် ဘထွေးတော် ဘစောသီရိအား သံတွဲမြို့ကို စားစေ၏။

သက္ကရာဇ် ၈၆၇ ခုနှစ်တွင် ဘစောသီရိ အိမ်နိမ့်စံ အဖြစ် စိုးစံစဉ်–

(က) ကြက်ကားသုံးမည်၊ ရှေ့ဖျားတည်၊ ကြံစည် ကောင်းခြင်း သံတွဲမင်း၊ ဖြစ်လာ မည်လည်း တော်သလင်း၊

www.dhammaransi.com



(ခ)သံတွဲ မြေဟောက်၊ အစွယ်ပေါက်သည်၊ လက်
ကောက်ဝတ်လောက် ရှိတကား၊
(ဂ)ကြက်ကားစဉ်လျက်၊ အဆက်နဂါး၊ နောက်ထား
ရေသူ ကိုးဆက်ဟူ၏။
(ဃ)မြောက်ဦးအပါး၊ အိမ်ရှေ့နားဌ၊ နဂါး သုံးခွေ
ခွေလိမ့်မည်–ဟူသော တပေါင်ပေါ်လေ၏။

အိမ်နိမ့်စံဘစောသီရိသည် အတိတ်တပေါင်အရ ထကြွလုံ့လ ပြု၍ မိမိသည် ဝတီလေးရပ် တိုင်းသုံးရပ်ကို အာဏာစက်ရှိန် တန်ခိုးထိန်၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရပါမူ ဗုဒ္ဓ ရှင်တော် မြတ်၏ ဓာတ်တော်များ တိမ်းဝပ်စံပါယ်ရာဖြစ်သော အံတော်, ဆံတော်,နံတော်,စေတီတော်မြတ် သုံးဆူတို့အား ရှေးမင်းစဉ် ဆက်တို့ထက် ထူးကဲစွာ မွမ်းမံပြင်ဆင် ပူဇော်မည့်အကြောင်း အဓိဋ္ဌာန်ပြုကာ ဆုမွန်ကောင်း တောင်းလေ၏။

မကြာမြင့်မီပင် မြောက်ဦးမြို့ကို ချီတက် တိုက်ခိုက်လေရာ ဘစောသီရိ၏ တပ်မျိုးများသည် ဘုရင် မင်းခေါင်ရာဇာကို ဖမ်းဆီးကွပ်မြက်လိုက်လေ၏။ မင်းခေါင်ရာဇာ၏ တပ်မျိုးများ သည် ဘစောသီရိတံ လက်ဆောင်ပဏ္ဏာများဆက်သ၍ အညံ့ခံ ကြလေ၏။ ဘစောသီရိလည်း မြောက်ဦးမြို့ကို အောင်မြင် သိမ်း ပိုက်နိုင်သည့်အတွက် "မင်းဘာကြီး"ဟူသော ဘွဲ့အမည်ကိုခံယူ လျက် မြို့မ,ခရိုင်,နယ်ပယ်တို့၏ လုံခြုံရေး၊ စည်ပင်သာယာရေး တို့ကို ဆောလျင်စွာ စီမံဆောင်ရွက်ပြီးလျှင် သံတွဲမြို့သို့ ပြန် လည်ကြွချီတော်မူလေ၏။

www.dhammaransi.com

# အခန်း ၄

## တတိယအကြိမ် စေတီတော်သုံးဆူကို မွမ်းမံတည်ထားခြင်း

ဘုရင် မင်းဘကြီးလည်း သံတွဲမြို့သို့ပြန်ရောက်လေလျှင် ကြီးစွာသော အလှူကိုပြုလျက် မိမိအဓိဋ္ဌာန်ပြုခဲ့သည့်အတိုင်း အံတော်, ဆံတော်,နံတော်,စေတီတော်မြတ် သုံးဆူတို့တွင် ရွှေအဆင်း, ငွေအဆင်း,ပုလဲအဆင်းရှိသော မြတ်စွာဘုရား၏ ဓာတ်တော်များနှင့်တကွ ရဟန္တာဓာတ်တော်ပေါင်း နှစ်ထောင်ကျော်တို့ကို ရွှေကြုက်၊ ငွေကြုတ်၊ပတ္တမြားကြုတ်၊ဣန္ဒနီလာမြကြုတ်တို့တွင် ထည့်လျက် ဌာပနာပြီးလျှင် စေတီတော်မြတ်သုံးဆူကို ငုံလျက် မွမ်းမံ တည်ထားပြန်လေသည်။

ဘုရားပန်းတင်ခုံမှစ၍ ငှက်ပျောဖူး တိုင်အောင် အုဋ်များကျောက်များကို မင်းမျိုး၌ဖြစ်သော ယောကျ်ားပျို ခုနစ်ရာ၊ မိန်းမပျို ခုနစ်ရာ။ပုဏ္ဏားမျိုး၌ဖြစ်သော ယောကျ်ားပျို ခုနစ်ရာ၊ မိန်းမပျို ခုနစ်ရာ။ သူဌေးမျိုး၌ဖြစ်သော ယောကျ်ားပျိုခုနစ်ရာ၊ မိန်းမပျိုခုနစ်ရာ။ ဆင်းရဲသားမျိုး၌ ဖြစ်သော ယောကျ်ားပျို ခုနစ်ရာ၊ မိန်းမပျိုခုနစ်ရာတို့အား နေ့ည ပဟိုရ်မပြတ် အမြဲ သယ်ဆောင်စေ၏။

www.dhammaransi.com



ယန္တရားစက်ကြိုးများဖြင့်လည်း တောင်ပေါ်သို့ ရေများတင်ဆောင်စေ၏။ ရွှေအထွဋ်ပြု၍ ဘုရားကိုပူဇော်၏။ ရွှေအထွဋ်ထက်တွင် ရွှေထီးကို တင်၍ပူဇော်၏။ ရွှေထီးတွင် ပုလဲသန္တာကျောက်မြက်ရတနာတို့ကို ဆွဲစေ၏။

ဤသို့ဖြင့် စေတီတော်မြတ်ပြီးလတ်လေလျှင်ဆီမီးတထောင်၊ တံခွန်တထောင်၊ ဆွမ်းသင်ပုတ်တထောင် လှူဒါန်း ပူဇော်၍ စေတီတော်ပတ်လည်တွင် မြရောင်အဆင်းရှိသော အုဌ်ချပ်များကို တံတိုင်းကာရံ စေလေ၏။

## ဘုရားလှူရုပ်တုတော် တည်ထားခြင်း

မင်းကြီးလည်း စေတီတော်သုံးဆူအား ဤမျှမွမ်းမံပြုပြင်လှူဒါန်းရခြင်းဖြင့် ရောင့်ရဲတင်းတိမ်မှု မရှိသဖြင့် ဝါသုရတောင်၏ အနောက်ဖက်ခြေရင်းတွင် ဘုရားလှူရုပ်တုတော်ကို တည်ထားပူဇော်ပြန်လေသည်။ ၎င်းရုပ်တုတော်ရှေ့မှ စကြာချရာအရပ်တွင် နန်းတွင်းသမားတော်ကြီးများ စီမံပြုလုပ်သည့် သိဒ္ဓိအပြည့်အစုံပါရှိသော ပြဒါးရှင်တလုံးကိုရွှေကြုတ်ငွေကြုတ်တို့တွင်ကောင်းစွာ ထည့်လျက် မြှုပ်နှံထားခဲ့လေသည်။

ထိုရုပ်တုတော်မှာလည်း "ဆုတောင်းပြည့်ဘုရားလှူ"ဟူသော အမည်တော်ဖြင့် ယခုတိုင်တင့်တယ်စွာ သီတင်းသုံးလျက်ရှိလေသည်။

www.dhammaransi.com



## စစ်ဘေးစစ်ဒဏ်ခံရသော စေတီတော်နှစ်ဆူ

ဤသို့လျှင် မင်းနှင့်တကွ တိုင်းသူပြည်သားများ အစဉ်အဆက် ဆည်းကပ်ကိုးကွယ်လာကြရသော စေတီတော်မြတ် သုံးဆူတို့တွင် "ရွှေဆံတော် စေတီတော်မြတ်ကြီး" သည် ဒုတိယ ကမ္ဘာစစ် အတွင်း မဟာမိတ်တို့၏ ဗုံးဒဏ်ကြောင့် သက္ကရာဇ် ၁၃၀၇ ခု ဝါခေါင်လဆန်း ၇ ရက် နေ့နံနက် ၇နာရီအချိန်တွင် ပြိုကျ ပျက်စီးခြင်းသို့ ရောက်ခဲ့ရလေသည်။

ရွှေနံတော် စေတီတော်မြတ်မှာကား အလားတူ ဗုံးဒဏ် အမြောက်ဒဏ်များကိုပင် ခံခဲ့ရသော်လည်း ပြိုကျပျက်စီးခြင်း မရှိဘဲ ပွန်းပဲ့စုတ်ပြတ်သော ဒဏ်ရာဒဏ်ချက် များကိုသာ ရရှိခဲ့လေသည်။ နံတော်တောင်ကျောင်း၌ သီတင်းသုံးနေထိုင်တော်မူသော ဆရာတော် ဘုရားနှင့်တကွ ရွှေနံတော်ဂေါပက လူကြီးများမှာ ထိုသို့ဝမ်းနည်းဘွယ်ရာများကို ဖူးတွေ့ရလေသည်။

www.dhammaransi.com

## စတုတ္ထအကြိမ် ရွှေနံတော်စေတီမြတ်ကိုမွမ်းမံပြုပြင်ခြင်း

စေတီတော်မြတ် ပြိုကျ ပျက်စီးအံ့သည်ကို တွေ့လျက် စိုးရိမ်မကင်းဖြစ်ကြလေရာ ဂေါပက လူကြီးများသည် ဆရာတော်ဘုရားများ၏ ဩဝါဒကို ခံယူကာ စေတီတော်မြတ်ကို သေချာစုံစေ့အောင် ကြည့်ရှုကြ၏။ ထို့နောက် ပျက်စီးကျိုးပဲ့နေသော အင်္ဂတေဟောင်း အားလုံးကို ခွာချလျက် စေတီတော်မြတ်ကြီးတွင် ရှိသမျှ ဗုံးဒဏ်အမြောက်ဒဏ်တို့ကို ပကတိအတိုင်းကောင်းမွန်သေသတ်စွာ ပြုပြင်ကြပြီးသောအခါ အပြင်မှ စေတီတော်မြတ်တဆူလုံးကိုငုံလျက် အင်္ဂတေအသစ်များဖြင့် မွမ်းမံပူဇော်ကြရာ သက္ကရာဇ် ၁၃၁၁ ခုနှစ်တွင် စေတီတော် မွမ်းမံပြင်ဆင်ခြင်း ပြီးဆုံးအောင်မြင်ခဲ့လေသည်။

စေတီတော်မြတ်၏ ထီးတော်ကြီးမှာကား ကျိုးပဲ့ ပျက်စီးလွန်းသည်ဖြစ်၍ မည်သို့မျှ ပြန်လည်ပြုပြင်၍ မဖြစ်နိုင်တော့ပြီဖြစ်သောကြောင့် ထီးတော်တခုလုံးကို ပြန်ချလျက် ၁၃၁၃ ခု တပေါင်းလပြည့်နေ့တွင် ထီးတော်သစ် တင်ပွဲကို ခြိမ့်ခြိမ့်သဲသဲကျင်းပ ပူဇော်ခဲ့ကြလေသည်။

www.dhammaransi.com

၁၃၁၁ ခုနှစ် စတုတ္ထအကြိမ် မွမ်းမံပြီး၍ ၁၃၁၃ ခုနှစ်တွင်
ဘုရားပွဲပြုလုပ်စဉ် တွေ့မြင်ရပုံ။

www.dhammaransi.com



ဤသို့လျှင် မင်းစဉ်မင်းဆက် သုံးကြိမ်တိုင် မွမ်းမံတည်ထား လာခဲ့သော ရွှေနံတော် စေတီမြတ်သည် စတုတ္ထအကြိမ်တွင် ပြည်သူလူထု၏ ပူပြင်ပူဇော်ခြင်းကို ခံတော်မူခဲ့လေသည်။

## ရင်ပြင်တော် ခင်းထွင်ခြင်း

ဤသို့ဖြင့် စေတီတော်မြတ်ကြီးကို ပူပြင်မွမ်းမံ၍ ပြီးစီးခြင်းသို့ ရောက်လေလျှင် ဂေါပကအဖွဲ့သည် ထိုမျှလောက်ဖြင့် ရောင့်ရဲ တင်းတိမ်နိုင်ခြင်း မရှိကြသဖြင့် ပရိသတ်တရာခန့်သာ ကြည်ညို နိုင်သော ဘုရားရင်ပြင်တော်ကို ချဲ့ထွင်လိုသောဆန္ဒ ပြင်းပြကြ သည့်အလျောက် နံတော်တောင် ဆရာတော်ဘုရား၏ဩဝါဒကို ခံယူကာ သက္ကရာဇ် ၁၃၁၁ခု တပို့တွဲလပြည့်ကျော် ၈ ရက်နေ့ မှစ၍ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ပြည့်နှက်လျက်ရှိသော တောင် ထိပ်ကိုစေတီတော်မြတ်၏ တံတိုင်းဟောင်းအနီး သုံးပေအကွာမှ ခြောက်ပေတိုင်အနက်တူးကာ မြေညှိခြင်း (ရင်ပြင်ချဲ့ထွင်ခြင်း) ကို ပြုကြလေသည်။

မြို့ပေါ်ရှိ ဗုဒ္ဓဘာသာများနှင့်တကွ ပတ်ဝန်းကျင် ကျေးရွာ များမှ စေတနာထက်သန်စွာ လုပ်အားလှူဒါန်းမှုကြောင့်စေတီ တော်၏ တောင်ဖက်တွင် အလျား ၃၃ဝ ပေ။ အနံ ပေ ၁၂ဝ ရှိသော ရင်ပြင်တော်ကို ၁၃၁၃ ခု သီတင်းကျွတ်လပြည့်ကျော် ၁၁ရက်နေ့တွင် ရရှိအောင်မြင်လေသည်။

ယခုအခါ စေတီတော်မြတ်ကို ဖူးမြင်သူတိုင်း ကြက်သရေ ရှိစွာ ကျယ်ဝန်းညီညာသော ရင်ပြင်တော်ကို အံ့ဘွယ်တပါးသို့

www.dhammaransi.com



ထင်မှတ်ကြည်နူးကြရလေသည်။ (ရင်ပြင်တော်အတွက် ၁၂ပေ ကျော်မြင့်သော တောင်ထိပ်ကိုပင် တူးဖို့ရသောဟူ၏။)

## လျှပ်စစ်မီးပူဇော်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် သံတွဲမြို့တွင် လျှပ်စစ်စက်ရုံ တည်လျက် တမြို့လုံးကို လျှပ်စစ်မီးထွန်းညှိလာသောအချိန်တွင် ရှေးအစဉ်အဆက် ဖယောင်းတိုင်မီး၊ရေနံဆီမီးတို့ဖြင့်သာ ပူဇော် လာခဲ့ရသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ စိတ်နှလုံးတွင်စေတီ တော်မြတ်ကို လျှပ်စစ်မီးတို့ဖြင့် ပူဇော်လိုသောဆန္ဒပြင်းပြလာ ကြသည်။

ထိုအခါ ရွှေနံတော် ဂေါပကအဖွဲ့၏ ကြိုးပမ်းဆောင်ရွက် မှုကြောင့် မြေပြင်မှ ပေ၂၅၀ ခန့်မြင့်သော စေတီတော် သီတင်း သုံးရာ တောင်ထိပ်တိုင်အောင် လမ်းတလျှောက်လုံးတွင် ထိန် ညီးဝေဆာစွာ ထွန်းညှိပူဇော်လျက် ဥဏှိတော်အမြင့် ၄၅ ပေ ရှိသော(ထီးတော်ကိုချန်လှပ်၍) ရွှေနံတော်စေတီအား ထီးတော် ထိပ်တိုင်အောင် ကြည်ညိုဘွယ်ရာ လျှပ်စစ်မီး ပူဇော်ရခြင်းကိစ္စ မှာ ၁၃၁၆ ခု တန်ဆောင်မုန်းလဆန်း ၁၄ရက်နေ့တွင် ပြီးစီး အောင်မြင်ခြင်းသို့ ရောက်လေ၏။

ထိုကုသိုလ်ကောင်းမှုအတွက် အနုမောဒနာပြုရန် ပင့်ဖိတ်၍ ကြွရောက်တော်မူလာကြသော သံဃာတော်မြတ် အပါး ၄၀ တို့အား စေတီတော် ရင်ပြင်တွင် ဆွမ်း အဖျော်ယမကာများဖြင့် လှူဒါန်းကြလျက် နံတော်တောင် ဆရာတော်ကြီးကိုယ်တိုင် မီး ခလုတ်ဖွင့်ကာလျှပ်စစ်မီးစတင် ပူဇော်ခဲ့လေသည်။

www.dhammaransi.com



ဆံတော်၊ အံတော်၊ နံ့တော်စေတီမြတ် သုံးဆူအနက် ဤ နံ့တော်စေတီမြတ်မှာ အစဦးစွာ လျှပ်စစ်မီး ပူဇော်ခြင်းကိုခံယူ ရသော စေတီမြတ်ဖြစ်ပေသည်။

## တံတိုင်းတန်ဆောင်းများ ဆောက်လုပ်ခြင်း

ဤသို့လျှင် ရွှေနံ့တော်စေတီတော်မြတ်၏ ဝေယျာဝစ္စ ကုသိုလ်တော်များကို တခုပြီးတခု အားကြိုးမာန်တက် ဆောင်ရွက်ပြီးမြောက်လာခဲ့ရာ စေတီတော်မြတ်ကို ဖူးမြင်ကြည်ညိုကြသော သူတော်ကောင်းတို့မှာ နေဒဏ်၊မိုးဒဏ်၊လေဒဏ်တို့ကို ကာကွယ်ရန် မည်သည့်အဆောက်အဦမျှ မရှိ ဖြစ်နေပေသည်။

စေတီတော်မြတ်ကိုဖူးမျှော်ကြည်ညိုသူအားလုံးတို့အားလည်း အေးချမ်းကောင်းမွန်စွာ ကုသိုလ်တရား ပွားများနိုင်ကြစေရန် ထက်သန်သောစေတနာရှင်အပေါင်းတို့သည် စေတီတော်မြတ်၏ အရှေ့ အနောက် တောင် မြောက်အားဖြင့် လေးဘက်ပတ်လည်တွင် တင်ပလ္လင်ခွေ ဆင်းတုတော်တဆူစီ တင့်တယ်သပ္ပါယ်စွာ တည်ထားပြီး အရုဏ်ခံတန်ဆောင်းလေးခုကိုဆောက်လုပ်လှူဒါန်းကြလေသည်။ ရပ်ဝေး ရပ်နီးဘုရားဖူးများမှာ စေတီတော်ရင်ပြင်ပေါ်တွင်ချမ်းသာစွာအပန်းဖြေကြရင်း အံတော်၊ ဆံတော်စေတီတော်မြတ်များကိုကြည်ညိုနိုင်ကြခြင်းဖြင့် ကုသိုတ်တရားပွားများနိုင်ကြလေသည်။

ထို့ပြင် စေတီတော် သုံးဆူတို့၏ အလယ်တွင် ငှက်ရုပ်သဏ္ဍာန်တည်ရှိသော သံတွဲမြို့ရှုမျှော်ခင်းကိုလည်း မျက်ဝါးထင်ထင်ရှုမြင်နိုင်ကြလေသည်။

www.dhammaransi.com




# အုံ့ဩဘွယ်ရာ နတ်ကန်သာ

ရောဟာကုဋ္ဌ အမည်တွင်ခဲ့သော ရွှေနံ့တော်မြတ်မှာ ဆိုခဲ့သည့်အတိုင်း ပေ ၃၅၀ ခန့် မြင့်လေရာ စေတီတော်တည်ပြီးသည်နှင့် တပြိုင်နက် ရင်ပြင်တော်မှ အနောက်ဘက်သို့ စဉ်းငယ်ယွန်းသော တောင်မျက်နှာအရပ်တွင် မြေပြင်မှ ပေ ၁၅၀ ခန့် မြင့်သော တောင်ခုလပ်၌ ထူးဆန်းအံ့ဩဘွယ် ရေကန်ငယ်တခု ပေါ်ထွန်းခဲ့ပါသည်။

ဤသို့ဖြစ်ပေါ်လာသည်မှာ လူသားတို့ပုပြင်၍ ဖြစ်ကောင်းသည့်အရာ မဟုတ်သည့်အလျောက် နတ်များဖန်၍သာ ဖြစ်တန်ရာသည်ဟု ယုံကြည်ကြကာ ထိုကန်ငယ်ကို 'နတ်ကန်'ဟု သမုတ်ခေါ်ဝေါ်ကြသည်။ ကန်ငယ်မှာနှစ်ပေပတ်လည် အနက်လေးပေခန့်သာ ရှိသော်လည်း တနှစ်ပတ်လုံး ရေအစဉ်ရှိနေသည်ကို တွေ့ရသည်။ အလွန် ပူပြင်းခြောက်သွေ့သော အချိန်တွင်လည်း ရေနှစ်ပေခန့်မှာ အစဉ်ထာဝရ ရှိနေပေသည်။

ထို့ကြောင့်ပင် ဤကန်မှထွက်သောရေကား နတ်ရေစင် ဖြစ်သည်။ ထိုရေကိုသောက်ချိုးခြင်းဖြင့် ရောဂါအန္တရာယ် ကင်းရှင်းသည်ဟု ယုံကြည်ကြကုန်သော ရပ်ဝေးရပ်နီးမှ ဘုရားဖူးရောက်ရှိလာကြသူတို့မှာ နတ်ရေကန်သို့ မရောက်လျှင်ပင် ရွှေနံ့တော်ကို ဖူးမြင်ရကျိုးမနပ်သည့်နှယ် နတ်ရေကန်သို့ အရောက်သွားကြပြီးလျှင် သောက်ခြင်းချိုးခြင်း ယူငင်ခြင်းတို့ကိုကြည်နူးပျော်ပါးစွာ ဆောင်ရွက်ကြလေသည်။

www.dhammaransi.com



မြေပြင်မှ ပေ ၁၅၀ ခန့်မြင့်သော တောင်ခုလပ်တွင် တည်ရှိနေပြီး
ရေအမြဲတမ်းရှိနေသည့် နဲတ်ရေကန်ပုံ။

www.dhammaransi.com



## ရွှေသင်္ကန်းကပ်လှူရန် ကြိုးပမ်းခြင်း

ယခုအခါ စေတီတော်မြတ်နှင့်တကွ ရင်ပြင်တော် တခုလုံးမှာ ပြုဘွယ်ရာကိစ္စ မှန်သမျှ ပြီးမြောက် အောင်မြင်ပြီးဖြစ်ရကား စေတီတော်မြတ် တဆူလုံးကို ရွှေအတိဖူးမြင်နိုင်စေရန်ရွှေသင်္ကန်း ကပ်လှူရန် စေတနာထက်သန်စွာ ဂေါပကအဖွဲ့က ကြိုးပမ်းလျက် ရှိပါသည်။

## နှစ်စဉ်ဘုရားပွဲတော် ကျင်းပလျက်ရှိခြင်း

ဂေါပကအဖွဲ့သည်နံတော်တောင်ကျောင်းတွင် သီတင်းသုံးလျက် ရှိသော ဆရာတော်အား အကြီးအမှူးပြုလျက် နှစ်စဉ် တပို့တွဲ လဆန်း ၈ ရက်နေ့မှ လပြည့်ကျော် ၂ ရက်အထိ ၁၀ ရက် တိုင်တိုင် ရွှေနံတော်စေတီ ပွဲတော်နေ့သတ်မှတ်ကာ ရင်ပြင်တော် ပေါ်တွင်ပင် ရွှေသင်္ကန်းကပ်လှူပွဲကို ခြိမ့်ခြိမ့်သဲသဲ စည်ကားစွာ ကျင်းပလျက် ရှိပါသည်။

## မော်တော်ကားလမ်းဖောက်ရေး ကြိုးပမ်းခြင်း

ထိုသို့ ပွဲတော်ကျင်းပချိန်နှင့်တကွ အခြားနေ့များတွင် စေတီ တော်ကို ဖူးမြင်ရန် ရောက်ရှိလာကြသူ အပေါင်းတို့မှာ ခြေလျင် ခရီးဖြင့်သာ တောင်ပေါ်သို့ တက်ကြရပေသည်။တောင်ပေါ်သို့ အနည်းငယ်ပင်ပန်းစွာ တက်ကြရသည်ကို စိတ်မကောင်း ဖြစ်မိ

www.dhammaransi.com



သည့်အလျောက် စေတီတော်ရှင်ပြင်တိုင်အောင် မော်တော်**ကား**ဖြင့် သက်သာစွာ တက်ရောက်နိုင်စေရန် မော်တော်**ကားလမ်း**ဖောက်လုပ်ရေးအတွက် အထူး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

## နိဂုံး

ဂေါပကအဖွဲ့၏ စေတနာ စေ့ဆော် တိုက်တွန်း အားထုတ်ခြင်းဖြင့် ရွှေသင်္ကန်းကုသိုလ်တော်ရှင်ဒ**ကာ**များ၊**ကား**လမ်းဒ**ကာ**များ ပေါ်ပေါက်လာလိမ့်မည်ဟု ယုံကြည်**ကာ** မကြာမီ ဆန္ဒအတိုင်း အောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက် ဤရွှေနံ့တော်ဘုရားသမိုင်းသစ်ကို နိဂုံးချုပ်ပါသည်။

www.dhammaransi.com



# ဤရွှေနန်းတော်ဘုရားသမိုင်းသစ်ကို

၁ ရခိုင်ရာဇဝင်
၂ ရက္ခမဏ္ဍလဘုရားသမိုင်း
၃ ဓညဝတီရာဇဝင်သစ်
၄ မြောက်ဦးမြို့ ဘုရားသမိုင်း
၅ မှန်နန်းရာဇဝင်ကြီး
၆ မြို့ဟောင်းမြို့သျှစ်သောင်ဘုရားရှိ ကျောက်စာများ
၇ ဦးကျော်ရင်ရေးသော ရွှေဆံတော်စေတီသမိုင်းများကို
မှီငြမ်းပြုစုအပ်ပါသည်။

www.dhammaransi.com